# အမေးများသောမေးခွန်းများ

**၁) "GrowTogether BizPitch" အစီအစဉ် ဆိုတာဘာလဲ။**

မြန်မာနိုင်ငံတစ်ဝန်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ (MSME) နှင့် Start-up လုပ်ငန်းများ ပါဝင်ယှဉ်ပြိုင်နိုင်သော အစီအစဉ် ဖြစ်ပါသည်။ ဤအစီအစဉ်တွင် လျှောက်ထားမှုအဆင့်ဆင့်အတွက် မည်သည့် အခကြေးငွေမှ ပေးသွင်းရန် မလိုအပ်ဘဲ သတ်မှတ်ချက်ပြည့်မီသော လုပ်ငန်းများ ပါဝင်လျှောက်ထားနိုင်ပါသည်။ နောက်ဆုံးရွေးချယ်ခံရသူ လုပ်ငန်း (၄) ခုကို ရိုးမဘဏ်အနေဖြင့် လုပ်ငန်းတစ်ခုစီအတွက် ဆုကြေးငွေ သိန်း (၅၀၀) ရန်ပုံငွေ ပံ့ပိုးပေးသွားမှာဖြစ်ပါသည်။

**၂) "GrowTogether BizPitch" အစီအစဉ် ရည်ရွယ်ချက်က ဘာလဲ။**

"Grow Together BizPitch" အစီအစဉ်သည် ရိုးမဘဏ်မှ နှစ် (၃၀) ပြည့် အထိမ်းအမှတ်အနေဖြင့် မြန်မာနိုင်ငံတစ်ဝန်းရှိ စွန့်ဦးတီထွင် စီးပွားရေးလုပ်ငန်းများ လက်တွဲမြှင့်တင်ရန်၊ ထောက်ပံ့ကူညီပေးရန်နှင့် စီးပွားရေးအခန်းကဏ္ဍကို တစ်ဖက်တစ်လမ်းက အထောက်အကူပြုဖို့အတွက် ရည်ရွယ်သည့် ရိုးမဘဏ်၏ ကြိုးပမ်းဆောင်ရွက်မှုတစ်ခုဖြစ်ပါသည်။ ဤအစီအစဉ်မှ တစ်ဆင့် အလားအလာရှိသော MSME လုပ်ငန်းများနှင့် Start-up လုပ်ငန်းများကို ဖွံ့ဖြိုးတိုးတက်စေရန်အတွက် နောက်ဆုံးရွေးချယ်ခံရသူ လုပ်ငန်း (၄) ခုကို လုပ်ငန်းတစ်ခုစီအတွက် ဆုကြေးငွေ သိန်း (၅၀၀) ရန်ပုံငွေ မတည်ပေးသွားရန် ရည်ရွယ်ပါသည်။ ဤအစီအစဉ်မှ တစ်ဆင့် အလားအလာရှိသော MSME နှင့် Start-up လုပ်ငန်းများ တိုးတက်အောင်မြင်စေရန် ကူညီပံ့ပိုးပေးခြင်းသာမက စီပွားရေးအကြံညာဏ်များ လမ်းညွှန်ပေးခြင်းနှင့် စီပွားရေးလုပ်ငန်းများအချင်းချင်း ချိတ်ဆက်မှုများ ရရှိနိုင်မည့် အခွင့်အလမ်းများကိုလည်း ပံ့ပိုးပေးသွားမည်ဖြစ်ပါသည်။

**၃) စိစစ်ရွေးချယ်ရေးကော်မတီအဖွဲ့ဝင်နဲ့ ပရိုဂရမ်ဒါရိုက်တာတွေမှာ ဘယ်သူတွေ ပါဝင်မလဲ။**

**<u>စိစစ်ရွေးချယ်ရေးကော်မတီအဖွဲ့ဝင်များ</u>**

က) ဒေါက်တာထွန်းသူရသက် (Myanmar Information Technology Pte Ltd (MIT) ၏ တည်ထောင်သူနှင့် ဥက္ကဋ္ဌ၊ Myanmar ICT Development Corporation ရဲ့ ပူးတွဲတည်ထောင်သူနှင့် ဒါရိုက်တာ)

ခ) ဒေါက်တာစုလှဟန် (Medi Myanmar Group Ltd ၏ ပူးတွဲတည်ထောင်သူနှင့် မန်နေးဂျင်းဒါရိုက်တာ၊ မြန်မာအလှကုန်အသင်း၏ ဥက္ကဋ္ဌ၊ မြန်မာအမျိုးသမီး စွန့်ဦးတီထွင်သူများကွန်ရက် (MYANWEN) ၏ ဒုဥက္ကဋ္ဌ၊ MSME Association of Myanmar ၏ ဒုဥက္ကဋ္ဌ)

ဂ) ဒေါ်မေမြတ်မွန်ဝင်း (Chatrium Hotel ၏ General Manager၊ PMA (Professional Marketers Association) ၏ ပူးတွဲတည်ထောင်သူ)

ဃ) Mr. Loh Ngik Ming (ရိုးမဘဏ်၏ Chief Business Banking Officer)

င) ဒေါ်မေစန္ဒီသိန်းဇော် (YOMA Bank ၏ Head of SME Banking)

**<u>ပရိုဂရမ်ဒါရိုက်တာ</u>**

ဦးစိုးဟိန်း (SMEBi University ၏ တည်ထောင်သူ၊ မြန်မာနိုင်ငံ MSME Association ၏ အတွင်းရေးမှူး)

**၄) အစီအစဉ်မှာ ပါဝင်ခဲ့ရင် ဘာအကျိုးကျေးဇူးတွေ ရမှာလဲ။**

ယခုအစီအစဉ်၌ ပါဝင်လျှောက်ထားသူများသည် စီးပွားရေးပညာရှင် ကျွမ်းကျင်သူများထံမှ အဖိုးတန်သော လမ်းညွှန်မှုများ၊ စီပွားရေးလုပ်ငန်းများအချင်းချင်း ချိတ်ဆက်မှုများနှင့် လုပ်ငန်းပူးပေါင်းဆောင်ရွက်ရန်အတွက် အခြားသော MSME များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ချိတ်ဆက်နိုင်သည့် အခွင့်အရေးများလည်း ရရှိနိုင်မည်ဖြစ်ပါသည်။ ထို့အပြင် ပါဝင်ယှဉ်ပြိုင်သော လုပ်ငန်းများအနေဖြင့် လုပ်ငန်းစတင်ရန် သို့မဟုတ် ချဲ့ထွင်ရန် လိုအပ်သော ငွေကြေးရင်းနှီးမြှုပ်နှံမှုအတွက် လုပ်ငန်းချေးငွေပံ့ပိုးမှု ရရှိနိုင်သည့် အထူးအခွင့်အရေးများ စသည့် အခြား အကျိုးခံစားခွင့်တို့ကိုလည်း ခံစားနိုင်မည်ဖြစ်ပါသည်။

နောက်ဆုံးရွေးချယ်ခံရသူ လုပ်ငန်း (၄) ခုသည် ၎င်းတို့၏ လုပ်ငန်းရပ်တည်မှု၊ လုပ်ငန်းအစပျိုးမှုများကို ပံ့ပိုးကူညီရန်နှင့် အနာဂတ်လုပ်ငန်းရည်မှန်းချက်များကို အကောင်အထည်ဖော်ရန်အတွက် ရိုးမဘဏ်က လုပ်ငန်းတစ်ခုစီအတွက် ဆုကြေးငွေ ကျပ် သိန်း (၅၀၀) စီ ရရှိသွားမည်ဖြစ်ပါသည်။

**၅) "GrowTogether BizPitch" အစီအစဉ်မှာ ဘယ်လိုလုပ်ငန်းတွေ ပါဝင်ခွင့်ရှိမလဲ။ ဘယ်လိုလုပ်ငန်းတွေ ပါဝင်ခွင့် မရှိဘူးလဲ ။**

ယခု အစီအစဉ်တွင် မြန်မာနိုင်ငံ၌ တရားဝင်မှတ်ပုံတင်ထားသော MSME နှင့် လုပ်ငန်း စတင်လုပ်ကိုင်ရန် ရည်ရွယ်ထားသော Start-up စွန့်ဦးတီထွင်လုပ်ငန်းရှင်များ ပါဝင်ခွင့်ရှိပြီး အခမဲ့ ဝင်ရောက်လျှောက်ထားနိုင်ပါသည်။ ဤအစီအစဉ်တွင် လောင်းကစားလုပ်ငန်း၊ တရားမဝင်လုပ်ငန်းများ၊ မူးယစ်ဆေးနှင့် စိတ်ကို ပြောင်းလဲစေသောဆေးများ ပါဝင်သည့် လုပ်ငန်းများ၊ ဆေးလိပ်၊ အရက်ယမကာ၊ Multi-၉evel Marketing (MLM) လုပ်ငန်းအမျိုးအစားများ စသည့်တို့ ပါဝင်လျှောက်ထားနိုင်မည် မဟုတ်ပါ။

**၆) "GrowTogether BizPitch" အစီအစဉ်တွင် ရိုးမဘဏ်က ဝန်ထမ်းတွေအနေဖြင့် ပါဝင်ခွင့် ရှိပါသလား။**

ဤအစီအစဉ်တွင် ရိုးမဘဏ်၏ ဝန်ထမ်းများနှင့် တိုက်ရိုက်မိသားစုဝင်များ ပါဝင်လျှောက်ထားနိုင်မည် မဟုတ်ပါ။

**၇) "GrowTogether BizPitch" အစီအစဉ်တွင် ပါဝင်ရန် အခကြေးငွေ ရှိပါသလား။**

ဤ အစီအစဉ်တွင် ပါဝင်ရန်နှင့် လျှောက်ထားမှုအဆင့်ဆင့်တိုင်းအတွက် မည်သည့် အခကြေးငွေ အမျိုးအစားမှ ပေးသွင်းရန်မလိုအပ်ပါ။ အရည်အချင်းပြည့်မီသော MSME များနှင့် Start-up လုပ်ငန်းစတင်ရန်ရွယ်ထားသည့် လုပ်ငန်းများ အခမဲ့ ပါဝင်နိုင်သော အစီအစဉ်ဖြစ်ပါသည်။

**၈) "GrowTogether BizPitch" အစီအစဉ်တွင် ပါဝင်ရန် ဘယ်လိုလျှောက်ထားရမလဲ။**

လျှောက်လွှာတင်သည့်အဆင့်တွင် သတ်မှတ်ထားသည့် ၂၀၂၃ ခုနှစ်၊ အောက်တိုဘာ (၅) ရက်နေ့မှ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ (၁၈) ရက် အတွင်း လျှောက်လွှာဖြည့်ခြင်းနှင့် လိုအပ်သော အထောက်အထားများကို ဤ https://ymbank.co/bizpitch-apply-form သို့သွားရောက်ပြီး လုပ်ငန်း အစီအစဉ်၏ အကျဉ်းချုပ် ဖော်ပြချက်နှင့်အတူ လုပ်ငန်းနှင့် ပတ်သက်သည့် အခြေခံအချက်အလက်များကို ထည့်သွင်းဖော်ပြရမည်ဖြစ်သည်။
ရိုးမဘဏ်အနေဖြင့် ကနဦးအဆင့်တွင် ပါဝင်နိုင်မှု ပိုမိုလွယ်ကူစေရန်အတွက် လျှောက်လွှာလုပ်ငန်းစဉ်ရိုးရှင်းစေရန် ၎င်းတို့၏ လုပ်ငန်းဆိုင်ရာ အခြေခံအချက်အလက်များ၊ လုပ်ငန်းအစီအစဉ်၏ (၁) နှစ်မှ (၃) နှစ်စာအတွက် အကျဉ်းချုပ် ဖော်ပြချက်နှင့် ဆက်သွယ်ရန် အသေးစိတ်အချက်အလက်များ ထည့်သွင်းလျှောက်ထားရန်၊ ကိုယ်ရေးအချက်အလက်နှင့် ပြိုင်ပွဲလျှောက်လွှာ ဖြည့်ပေးရန်သာ လိုအပ်ပါသည်။

**၉) လျှောက်လွှာတင်သွင်းပြီးနောက် အချက်အလက်များကို ပြင်ဆင်ဖြည့်စွက်၍ ရပါသလား။**

သင်၏ လျှောက်ထားမှု အချက်အလက်များကို သတ်မှတ်ထားသော လျှောက်လွှာလက်ခံသည့် ကာလအတွင်းတွင်သာ ပြန်လည်ဖြည့်စွက်နိုင်မည်ဖြစ်ပါသည်။ အကယ်၍ လျှောက်ထားသူမှ File တစ်စုံတစ်ရာ မှားယွင်း Upload မိခဲ့သော်လည်းကောင်း၊ အချက်အလက် တစ်စုံတစ်ရာ မှားယွင်း ဖြည့်စွက်မိသောကြောင့်သော်လည်းကောင်း ပြန်လည်လျှောက်ထားရန်အတွက် လျှောက်ထားမှုအကြိမ်ရေ ခေါင်းစဉ်အောက်တွင် ပြန်လည်လျှောက်ထားခြင်း (ဥပမာ - Attached file မှားယွင်းတင်ပြမိသောကြောင့်) အားရွေးချယ်ပြီး ပြန်လည်လျှောက်ထားနိုင်မည်ဖြစ်ပါသည်။ သို့သော်လည်း ရိုးမဘဏ် အနေဖြင့် မတင်သွင်းမီ သင်၏ ကိုယ်ရေးအချက်အလက်၊ စီးပွားရေးနှင့် လုပ်ငန်းဆိုင်ရာ အချက်အလက်များကို သေချာစွာ သုံးသပ်ပြီး လျှောက်ထားရန် တိုက်တွန်းလိုပါသည်။

**၁၀) ဒုတိယအဆင့် ရွေးချယ်မှုသို့ပါဝင်ခွင့် ရရှိသော လုပ်ငန်းများအနေဖြင့် မည်သည့်အထောက်အထား စာရွက်စာတမ်းများ တင်သွင်းရန်လိုအပ်သလဲ။**

ပါဝင်သူများသည် ၎င်းတို့၏ လုပ်ငန်းဆိုင်ရာ အခြေခံအချက်အလက်များ၊ လုပ်ငန်းအစီအစဉ်၏ (၁) နှစ်မှ (၃) နှစ်စာအတွက် အကျဉ်းချုပ် ဖော်ပြချက်နှင့် ဆက်သွယ်ရန် အသေးစိတ်အချက်အလက်များ ထည့်သွင်းလျှောက်ထားရန်နှင့် ကနဦးအဆင့်မှ နောက်တစ်ဆင့်သို့ ဆက်လက်လျှောက်ထားနိုင်သူများအတွက် လိုအပ်သော စာရွက်စာတမ်း အချက်အလက်များ စီးပွားရေးဆိုင်ရာ အစီအစဉ်များကို ဆက်လက် ပေးပို့ပေးရန် လိုအပ်ပါသည်။

**၁၁) တင်ထားသော လျှောက်လွှာတွေ အားလုံးထဲမှ အရည်အချင်းပြည့်မီသော လျှောက်လွှာ (၂၀၀) ကို မည်သို့ရွေးချယ်သနည်း။**

စိစစ်မှုပထမအဆင့်တွင် စိစစ်ရွေးချယ်ရေးကော်မတီအဖွဲ့ဝင်များသည် လျှောက်လွှာတွင် ဖော်ပြထားသော လုပ်ငန်းအစီအစဉ်များကို ပြန်လည်သုံးသပ်မည်ဖြစ်ပါသည်။ လုပ်ငန်းအစီအစဉ် အရည်အသွေးပေါ် မူတည်ပြီး လျှောက်လွှာ (၂၀၀) ကို ရွေးချယ်မည်ဖြစ်သည်။

**၁၂) လုပ်ငန်း (၂၀၀) တွင် ရွေးချယ်ခံရပြီးနောက် ဘာလိုတွေ ဆက်လက်ဖြစ်သွားမည်နည်း။**

ကနဦးအဆင့်ရွေးချယ်ခံရသည့် လုပ်ငန်း (၂၀၀) ကို ပရိုဂရမ်ဒါရိုက်တာ နှင့် စိစစ်ရွေးချယ်ရေး ကော်မတီအဖွဲ့ဝင်များက နှစ်ရက်ကြာပြုလုပ်မည့် စီးပွားရေးအကြံဉာဏ်ဆွေးနွေးမှု လမ်းညွှန်သင်တန်းတွင် ဖိတ်ကြားဝေမျှပေးသွားမည်ဖြစ်ပြီး ဆောင်ရွက်ရန်များကို လမ်းညွှန် သင်ကြားပေးမည်ဖြစ်သည်။

ထပ်မံ၍ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖော်ပြပါ လင့်ခ်ကနေ ymbank.co/bizpitch တစ်ဆင့် ဝင်ရောက် ကြည့်ရှုနိုင်ပါသည်။

**၁၃) လုပ်ငန်း (၂၀၀) ထဲမှ ဆန်ခါတင် လုပ်ငန်း ၃၀ ကို ဘယ်လိုရွေးချယ်မလဲ။ ဆန်ခါတင် လုပ်ငန်း ၃၀ က ဘာတွေ ဆက်လုပ်သွားရမှာပါလဲ။**

ဒုတိယအဆင့် စိစစ်ရွေးချယ်မှုအနေဖြင့် ရွေးချယ်ခံထားရသူ လုပ်ငန်း (၂၀၀) များမှ စိစစ်ရွေးချယ်ရေး ကော်မတီအဖွဲ့ဝင်များက ဆန်ခါတင် လုပ်ငန်း ၃၀ ကို ထပ်မံရွေးချယ်သွားမည်ဖြစ်ပါသည်။ အဆိုပါ လုပ်ငန်း ၃၀ အနေဖြင့် ၎င်းတို့၏ လုပ်ငန်းများအတွက် အထောက်အထားများနှင့်အတူ

လုပ်ငန်းအဆိုပြုချက်များကို စိစစ်ရွေးချယ်ရေး ကော်မတီအဖွဲ့ဝင်များသို့ လူကိုယ်တိုင်လာရောက် ဆွေးနွေးတင်ပြသွားရမည်ဖြစ်ပါသည်။
ထပ်မံ၍ အသေးစိတ်အချက်အလက်တွေကို သိရှိလိုပါက ဖော်ပြပါ လင့်ခ်က ymbank.co/bizpitch တစ်ဆင့် ဝင်ရောက် ကြည့်ရှုနိုင်ပါသည်။

**၁၄) ဆန်ခါတင် လုပ်ငန်း ၃၀ ရွေးပြီးတဲ့အခါ နောက်တစ်ဆင့်က ဘယ်လို ရွေးချယ်မှာလဲ။**

နောက်ဆုံးအဆင့်အနေဖြင့် ယင်း ဆန်ခါတင် လုပ်ငန်း ၃၀ ထဲမှ တင်ပြချက်များကို အခြေခံ၍ ပရိုဂရမ်ဒါရိုက်တာနှင့် စိစစ်ရွေးချယ်ရေးကော်မတီအဖွဲ့ဝင်များက နောက်ဆုံးဆုရရှိမည့် လုပ်ငန်း ၄ ခုကို ရွေးချယ်သွားမည်ဖြစ်ပါသည်။

**၁၅) နောက်ဆုံးဆန်ခါတင်အဖြစ် ရွေးချယ်ခံရပြီးနောက် အစီအစဉ်မှ နုတ်ထွက်နိုင်ပါသလား။**

သင် ဆန္ဒပေါ်မူတည်၍ နုတ်ထွက်နိုင်ပါသည်။ သို့ပေမဲ့ ရိုးမဘဏ်အနေဖြင့် ဆန်ခါတင် ရွေးချယ်ခံရသူများအတွက် ရရှိနိုင်သော အကျိုးကျေးဇူးများကို အပြည့်အဝ ရရှိစေလိုသောကြောင့် ဤအစီအစဉ် ပြီးဆုံးသည်အထိ ပါဝင်ပေးရန် ရိုးမဘဏ်က လေးစားစွာ ပန်ကြားအပ်ပါသည်။

**၁၆) နောက်ဆုံးဆုရရှိသူ တွေကို ဘယ်တော့ကြေညာမလဲ။**

ပရိုဂရမ်ဒါရိုက်တာနှင့် စိစစ်ရွေးချယ်ရေးကော်မတီအဖွဲ့ဝင်များ၏ ရွေးချယ်မှုလုပ်ငန်းစဉ်အပြီးတွင် နောက်ဆုံးဆုရွေးချယ်ခံရသည့် လုပ်ငန်း (၄) ခုကို ရိုးမဘဏ်၏ တရားဝင်လူမှုကွန်ရက်စာမျက်နှာ https://www.facebook.com/yomabank၊ ymbank.co/bizpitch နှင့် Online၊ Offline အသီးသီးမှာ ပွင့်လင်းမြင်သာစွာ ဖော်ပြသွားမည်ဖြစ်ပါသည်။

**၁၇) နောက်ဆုံးဆုရရှိသူများအနေဖြင့် မည်သို့သော အကျိုးခံစားခွင့်များရရှိကြမည်နည်း။**

နောက်ဆုံးရွေးချယ်ခံရသူ လုပ်ငန်း (၄) ခုသည် ၎င်းတို့၏ လုပ်ငန်းရပ်တည်မှု၊ လုပ်ငန်းအစပျိုးမှုများကို ပံ့ပိုးကူညီရန်နှင့် အနာဂတ်လုပ်ငန်းရည်မှန်းချက်များကို အကောင်အထည်ဖော်ရန်အတွက် ရိုးမဘဏ်က လုပ်ငန်းတစ်ခုစီအတွက် ဆုကြေးငွေ ကျပ် သိန်း (၅၀၀) စီ ပေးအပ်သွားမည်ဖြစ်ပါသည်။

**၁၈) နောက်ဆုံးအနိုင်ရရှိသူများကို ဆုကြေးငွေ ဘယ်လို ပေးအပ်သွားမလဲ။**

ရိုးမဘဏ် အနေဖြင့် ၎င်းတို့၏ ရည်မှန်းချက်အတိုင်း အနိုင်ရရှိသောလုပ်ငန်းများကို လုပ်ငန်းအမှန်တကယ် ဆက်လက် ရပ်တည်လည်ပတ်နိုင်စေရန်၊ လုပ်ငန်းရေရှည်ဖွံ့ဖြိုးတိုးတက်စေရန် ကုန်ပစ္စည်းထုတ်လုပ်မှု၊ ဝန်ဆောင်မှုလုပ်ငန်း စသည်ဖြင့် လုပ်ငန်းအမျိုးအစားပေါ်မူတည်၍ ဆုကြေးငွေသုံးစွဲမှုကို သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများအတိုင်း ပေးအပ်သွားမည်ဖြစ်ပါသည်။ သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများကို လုပ်ငန်းစဉ်အဆင့်တိုင်းတွင် လျှောက်ထားသူများကို အသိပေး အကြောင်းကြားသွားမည်ဖြစ်ပါသည်။

**၁၉) လျှောက်လွှာတင်သွင်းသူ၏ ကိုယ်ရေးကိုယ်တာနှင့် လုပ်ငန်းအချက်အလက်များကို မည်သို့အသုံးပြုမည်နည်း။**

"Grow Together BizPitch" အစီအစဉ် လျှောက်လွှာတင်ခြင်းလုပ်ငန်းစဉ်အတွင်း လျှောက်ထားသူများ၏ အချက်အလက်များကို လျှို့ဝှက်ထားမည်ဖြစ်ပြီး အစီအစဉ် ပရိုမိုးရှင်း ရည်ရွယ်ချက်အတွက်သာ အသုံးပြုမည်ဖြစ်ကာ ရိုးမဘဏ်၏ မူဝါဒနှင့် အညီ အထူးအလေးထား စောင့်ထိန်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**၂၀) "Grow Together BizPitch" အစီအစဉ် အကြောင်းကို သိချင်တာပဲဖြစ်ဖြစ်၊ မေးမြန်းချင်တာပဲဖြစ်ဖြစ် တခြား ဘယ်နည်းလမ်းတွေကနေ ဆက်သွယ်လို့ရနိုင်မလဲ။**

"Grow Together BizPitch" အစီအစဉ် အသေးစိတ်အချက်အလက်တွေကို ဖော်ပြပါ ymbank.co/bizpitch လင့်ခ်ကနေ ဝင်ရောက် ကြည့်ရှုနိုင်သလို အခြားသိရှိလိုသည်များ ရှိပါက

ရိုးမဘဏ်၏ Email info@yomabank.com,  24/7 Customer Care Center - ၉၆၆၂ (သို့မဟုတ်) ၀၉၇၉၆၆၂၉၆၆၂ တို့ကိုလည်း အချိန်မရွေး ဆက်သွယ်မေးမြန်းနိုင်ပါသည်။